
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စိုက်ပျိုးရေးဦးစီးဌာန

## ၂၀၂၀-၂၀၂၁ ခုနှစ်၌ ခေတ်မီစက်မှု လယ်ယာစနစ်
## အသုံးပြုပြီးစိုက်ပျိုးထုတ်လုပ်သည့် သီးနှံပုံစံ
## (မိုးစပါး-ဆောင်းမြေပဲ-ဆောင်းဟင်းသီးဟင်းရွက်)ပြောင်းလဲ
## စိုက်ပျိုးခြင်း စံပြကွက်

ဒေါ်နှင်းအိရွှေဝတ်ရည်
ဒုတိယဦးစီးမှူး
စိုက်ပျိုးရေးဦးစီးဌာန၊
ရွှေကျင်မြို့နယ်

# ရွှေကျင်မြို့နယ်၏၂၀၂၀–၂၀၂၁ ခုနှစ် စိုက်ပျိုးရာသီအတွင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေ

| သီးနှံ | စိုက်ဧက |
|---|---|
| နှံစားသီးနှံ | ၄၉၄၇၈ |
| ဆီထွက်သီးနှံ | ၂၀၉၀၆ |
| ပဲအမျိုးမျိုး | ၂၃၀၈၇ |
| အခြားသီးနှံ | ၆၇၇၈၆ |



# နိဒါန်း

- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် စိုက်ပျိုးထုတ်ကုန်များ တိုးတက်မြင့်မားပြီး နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားလာစေရန် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝှမ်းကြိုးပမ်း အကောင်ထည်ဖော် ဆောင်ရွက်လျှက် ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်ရွှေကျင်မြို့နယ်သည် လယ်ယာသီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်သည့် ရေမြေသဘာဝရှိသော်လည်း ခေတ်မီစက်ကိရိယာများအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်အကောင်အထည်ဖော်နိုင်မှု အားနည်းနေသည့်အခြေအနေဖြစ်သဖြင့် ၂၀၂၀–၂၀၂၁ ခုနှစ်မိုးစပါးရာသီမှစ၍ ခေတ်မီစက်ကိရိယာများကျင့်သုံးပြီး သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တောင်သူ အဆက်မပြတ် ဝင်ငွေရရှိနိုင်စေရန် အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ် ဆောင်ရွက်ခဲ့ပါသည်။



# ရည်ရွယ်ချက်

- ခေတ်မီစက်ကိရိယာများကျင့်သုံးပြီးစိုက်ပျိုးရေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်လာနိုင်စေရန်။

- တောင်သူများမိမိ၏လယ်ယာပိုင်ဆိုင်မှုတစ်ခုပေါ်တွင် ဝင်ငွေရသီးနှံများ ဆက်တိုက် စိုက်ပျိုးခြင်းဖြင့် အဆက်မပြတ်ဝင်ငွေရရှိ၍ တောင်သူဝင်ငွေတိုးစေရန်။

- စံပြကွက်တွင်ပါဝင်ပူးပေါင်းဆောင်ရွက်ပေးသည့် တောင်သူမှ တောင်သူ အချင်းချင်း နည်းပညာဖြန့်ဝေမှုဖြင့် တစ်မြို့နယ်လုံးရှိ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ နည်းပညာ ရရှိနိုင်စေရန်။




# စံပြကွက်ဆောင်ရွက်ရသည့် အကြောင်းအရင်း

- ရွှေကျင်မြို့နယ်တွင် စုစုပေါင်းသီးနှံ စိုက်ဧက (၁၆၁၀၅၆) ဧက နှစ်စဉ် စိုက်ပျိုး ထုတ်လုပ်လျှက်ရှိပြီး သီးနှံစိုက်စွမ်းအား (၁၂၂.၁၆%) ရှိပါသည်။
- ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စုတွင် သီးနှံစုစုပေါင်း စိုက်ဧက (၂၁၅၄) ဧက စိုက်ပျိုး၍ ပုံမှန် အားဖြင့် မိုးစပါး နှင့် ဆောင်းသီးနှံသာ စိုက်ပျိုးလျှက်ရှိပါသည်။
- တံခွန်တိုင်ကျေးရွာသည် ရွှေကျင်မြို့နယ်၏ ရွှေကျင်ချောင်းဘေးတွင်တည်ရှိသဖြင့် နှစ်စဉ်ရေကြီးနစ်မြုပ်လေ့ရှိသောဧရိယာအတွင်း၌တည်ရှိပါသည်။ ဒေသခံတောင်သူများသည် ရေကြီးနစ်မြုပ်မှုကြောင့်သီးနှံပျက်စီးဆုံးရှုံးမှုကိုရှောင်လွဲရန်နှစ်စဉ်မိုးစပါးကို ဩဂုတ်လ နောက်ဆုံးပတ်တွင် ပျိုးထောင်၍ စက်တင်ဘာလ တတိယပတ်တွင်ရွှေ့ပြောင်းစိုက်ပျိုးလေ့ရှိသည်။ မိုစပါးရိတ်သိမ်းခြင်းကို ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ရိတ်သိမ်းလေ့ရှိပြီး မြေတွင်းလက်ကျန်အစိုဓာတ်ဖြင့် ဇန်နဝါရီလ ပထမပတ်တွင် ဆောင်းမြေပဲကို စိုက်ပျိုး လေ့ရှိပါသည်။



# စံပြကွက်ဆောင်ရွက်ထားရှိသည့် အခြေအနေ

- ၂၀၂၀-၂၀၂၁ ခုနှစ် မိုးစပါးရာသီမှစ၍ ခေတ်မီစက်မှုလယ်ယာစနစ်အသုံးပြုကာ သီးနှံပုံစံ (မိုးစပါး- ဆောင်းမြေပဲ-ဟင်းသီးဟင်းရွက်) ပြောင်းလဲစိုက်ပျိုးခြင်း စံပြကွက် (၂၀.၀၀)ဧက ကို ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေး ရွာ၌ တောင်သူ (၃)ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်။
- ကျေးရွာအုပ်စု - တံခွန်တိုင်
- တောင်သူအမည် - ဦးစိုးမင်း(+၂)
- ကွင်းအမှတ် - ၁၄.က
- ဦးပိုင် - ၅၉
- စံပြကွက်ဧရိယာ - ၂၀.၀၀ ဧက





# စံပြကွက်ဆောင်ရွက်ထားရှိသည့် နည်းလမ်း

- မိုးစပါးကို ဇွန်လ ဒုတိယပတ်တွင် ပျိုးဗန်းများဖြင့်ပျိုးထောင်၍ ပျိုးသက် (၁၄)ရက်သားရရှိချိန် ဇွန်လ စတုတ္ထပတ်တွင် ကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးခဲ့ပါသည်။








# မှတ်တမ်းဓာတ်ပုံများ


REDMI NOTE 8 PRO
AI QUAD CAMERA




REDMI NOTE 8 PRO
AI QUAD CAMERA





# စံပြကွက်ဆောင်ရွက်ထားရှိသည့် နည်းလမ်း

- ❖ ကောက်စိုက်စက်အသုံးပြုပြီး စိုက်ချိန်စောစွာ၍စိုက်ကာ နှစ်စဉ်ရေကြီး နစ်မြုပ်လေ့ရှိသည့် ဩဂုတ်လတွင် မိုစပါးစိုက်ခင်းသည် သက်တမ်း (၇၀) ရက်သားခန့် ရရှိပြီးဖြစ်သဖြင့် ရေနစ်ဒဏ်ကို ခံနိုင်ရည်ရှိသည့် အခြေအနေဖြစ်စေရန် စီမံဆောင်ရွက်ခဲ့ပါသည်။







# စံပြကွက်ဆောင်ရွက်ထားရှိသည့် နည်းလမ်း

- မိုးစပါးရိတ်သိမ်းခြင်းကို နိုဝင်ဘာလပထမပတ်တွင် ကောက်ရိတ်သိမ်း ခြွေလှေ့စက် အသုံးပြုကာတလင်းပျောက်စနစ်ဖြင့်ရိတ်သိမ်း ဆောင်ရွက် ခဲ့ပါသည်။









# စံပြကွက်ဆောင်ရွက်ထားရှိသည့် နည်းလမ်း

❖ ဆောင်းမြေပဲကို မြေတွင်း လက်ကျန် အစိုဓာတ်ကောင်းစွာ ရရှိချိန် ဖြစ်သည့် နိုဝင်ဘာလ ပထမပတ်တွင် ခေတ်မီမြေပဲမျိုးစေ့ချ စက်ကိရိယာ အသုံးပြု၍ အချိန်မီစိုက်ပျိုးနိုင်ခဲ့ပါသည်။







# စံပြကွက်ဆောင်ရွက်ထားရှိသည့် နည်းလမ်း

- ကြီးထွားမှုစတင်ချိန်ဖြစ်သည့် ဒီဇင်ဘာလ ပထမပတ်သည် သီးနှံပင်လိုအပ်သော မြေတွင်းလက်ကျန်အစိုဓာတ် ကောင်းစွာ ရရှိချိန်ဖြစ်သည့်အတွက် သီးနှံအထွက် နှုန်းကို ထိခိုက်မှုမရှိဘဲ အောင်မြင်ဖြစ်ထွန်းနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။








# စံပြကွက်ဆောင်ရွက်ထားရှိသည့် နည်းလမ်း

- ဆောင်းမြေပဲကို စိုက်ပျိုးပြီး ရက် (၉၀) ခန့် ရရှိချိန် ဇန်နဝါရီလ နောက်ဆုံးပတ်၊ သီးနှံပင်၏ (Physilogical maturity) ရောက် ရှိချိန်တွင် ခေတ်မီစက်ကိရိယာဖြစ်သည့် မြေပဲ ရိတ်သိမ်းစက် အသုံးပြုကာ အချိန်နှင့်တပြေးညီ ရိတ်သိမ်းနိုင်ခဲ့ပါသည်





# စံပြကွက်ဆောင်ရွက်ထားရှိသည့် နည်းလမ်း

- တတိယသီးနှံဖြစ်သည့် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းကို ဒုတိယသီးနှံ ဆောင်းမြေပဲအား ခေတ်မီစက်ကိရိယာဖြင့် ရိတ်သိမ်းရာမှ ရရှိသည့် ထယ်ရေးကို အသုံးပြု၍ ဖြည့်စွက်ရေ အဖြစ် အငီစိတွင်းမှ ရေတင်ကာ စိုက်ပျိုးခဲ့ပါသည်။








# သီးနှံစိုက်ပျိုးမှုအခြေအနေ

| သီးနှံ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | ဇန် | ဖေ | မတ် | ဧ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပ-သီးနှံ မိုးစပါး | | | | | | | | | | | | |
| ဒု-သီးနှံ မြေပဲ | | | | | | | | | | | | |

တောင်သူ မူလစိုက်ပျိုးမှုပုံစံ

| သီးနှံ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | ဇန် | ဖေ | မတ် | ဧ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပ-သီးနှံ မိုးစပါး | | | | | | | | | | | | |
| ဒု-သီးနှံ မြေပဲ | | | | | | | | | | | | |
| တ-သီးနှံ ဟင်းသီး/ ရွက် | | | | | | | | | | | | |

သီးနှံပြောင်းလဲစိုက်ပျိုးမှုပုံစံ



# တစ်ကေကုန်ကျစရိတ်နှိုင်းယှဉ်ချက်

| စဉ် | အကြောင်းအရာ | သင့်ငွေ | |
|---|---|---|---|
| | | တောင်သူ | စံပြကွက် |
| ၁ | တစ်ကေကုန်ကျစရိတ် ( မိုးစပါး–မြေပဲ) | ၁၀၅၃၈၀၀/– | ၈၀၃၀၀၀/– |
| ၂ | တစ်ကေကုန်ကျစရိတ် (မိုးစပါး – မြေပဲ– ဟင်းသီး/ရွက်) | — | ၁၂၅၃၀၀၀/– |
| | ရောင်းရငွေပေါင်း | ၁၉၂၄၅၆၀/– | ၃၀၅၃၉၀၀/– |
| | ကုန်ကျစရိတ်နှင့် ရငွေအချိုး | ၁:၁.၈ | ၁:၂.၄ |



# ပညာပေးဆောင်ရွက်ထားမှု အခြေအနေ

- ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း
- ဆွေးနွေးပွဲများပြုလုပ်ခြင်း
- ICT နည်းပညာဖြင့် ပညာပေးဆောင်ရွက်ခြင်း









# အကျဉ်းချုပ်သုံးသပ်ချက်နှင့် အကြံပြုချက်များ

❖ **အကျဉ်းချုပ်သုံးသပ်ချက်**

- မိုးစပါးကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ စိုက်ချိန်စော၍ စိုက်ပျိုးခြင်းဖြင့် ရေကြီးနစ်မြုပ်ဒဏ်ကို အတော်အသင့် ခံနိုင်သည့် အပင်ကြီးထွားမှုအဆင့် ရောက်ရှိအောင် ဆောင်ရွက်ကာ သဘာဝဘေးဒဏ်ကို ရင်ဆိုင်နိုင်အောင် ကြိုးစားဆောင်ရွက်ခဲ့ပါ သည်။
- ဆောင်းမြေပဲကို မြေတွင်းအစိုဓာတ်ကောင်းစွာလက်ကျန် ကျန်ရှိချိန် အချိန်မီစိုက်ပျိုးပြီး မြေပဲရိတ်သိမ်းစက်ကို အသုံးပြု၍ရိတ်သိမ်းခြင်းကြောင့် နောက်ထပ်စိုက်ပျိုးမည့် (တတိယသီးနှံ–ဟင်းသီးဟင်းရွက်) အတွက် ထယ်ရေးပြင်ထားသကဲ့သို့ ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အသင့်ဖြစ်သော မြေသားထယ်ရေး ကို ရရှိခဲ့ပါသည်။
- စက်မှုလယ်ယာစနစ်ကြောင့်ကုန်ကျစရိတ်သက်သာသည့် အပြင်အထွက်နှုန်းပိုမိုရရှိကာ အကျိုးအမြတ်ပိုမိုရရှိခဲ့ပါသည်။

# အကျဉ်းချုပ်သုံးသပ်ချက်နှင့် အကြံပြုချက်များ

- ခေတ်မီစက်မှုလယ်ယာစနစ် ကျင့်သုံးစိုက်ပျိုးထုတ်လုပ်မည် ဆိုပါက သီးနှံစိုက်ပျိုးမှု သက်တမ်းတစ်လျှောက်တွင် အလေအလွင့်နည်းပြီး တောင်သူများ အဆက်မပြတ် ဝင်ငွေရရှိပြီး မိသားစုဝင်ငွေတိုးသည့်အတွက် ဒေသဖွံ့ဖြိုးရန်နှင့် မိသားစုဝင်ငွေ တိုးစေရန်အတွက် ရေမြေသဘာဝ သင့်တော်သော ဒေသများတွင် တစ်နှစ်လျှင် ဝင်ငွေရသီးနှံ (၃)မျိုး စိုက်ပျိုးနိုင်ရန် အတွက် ခေတ်မီစက်မှု လယ်ယာစနစ်ကို မဖြစ်မနေ ပြောင်းလဲ အသုံးပြုသင့်ပါသည်။






# ကျေးဇူးတင်ပါသည်



# မိုးစပါးတစ်ကေကုန်ကျစရိတ်နှိုင်းယှဉ်ချက်

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | သင့်ငွေ | |
|---|---|---|---|---|
| | | | တောင်သူ | စံပြကွက် |
| ၁ | မြေပြုပြင်ခြင်း | ရှဉ်း/ဦး | ၆၅၀၀၀ | ၆၈၀၀၀ |
| ၂ | စိုက်ပျိုးပြုပြင်ခြင်း | | ၁၄၁၀၀၀ | ၆၄၀၀၀ |
| ၃ | ရိတ်သိမ်းခြင်း | | ၄၅၀၀၀ | ၄၅၀၀၀ |
| ၄ | သွင်းအားစုများ | | ၁၄၁၈၀၀ | ၁၃၇၀၀၀ |
| ၆ | **တစ်ကေကုန်ကျစရိတ်** | | ၄၀၃၃၀၀ | ၃၁၄၀၀၀ |
| ၇ | **တစ်ကေအထွက်နှုန်း** | | ၁၁၀ | ၁၁၃.၆၀ |
| ၈ | **တစ်တင်းရောင်းဈေး** | | ၅၈၇၁ | ၅၈၇၁ |
| ၉ | **ရောင်းရငွေပေါင်း** | | ၆၄၅၈၁၀ | ၆၆၇၀၀၀ |
| ၁၀ | **အကျိုးအမြတ်** | | ၂၄၂၅၁၀ | ၃၅၃၀၀၀ |
| ၁၁ | **တစ်ယူနစ် ကုန်ကျစရိတ်** | | ၃၆၆၆ | ၂၇၆၄ |
| ၁၂ | **ကုန်ကျစရိတ်နှင့် ရငွေအချိုး** | | ၁ : ၁.၆၀ | ၁ : ၂.၁၂ |



# ဆောင်းသီးနှံတစ်ဧကကုန်ကျစရိတ်နှိုင်းယှဉ်ချက်

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | သင့်ငွေ | |
|---|---|---|---|---|
| | | | တောင်သူ | စမ်းသပ်ကွက် |
| ၁ | မြေပြုပြင်ခြင်း | ရှဉ်း/ဦး | ၆၅၀၀၀ | ၆၅၀၀၀ |
| ၂ | စိုက်ပျိုးပြုပြင်ခြင်း | | ၈၅၅၀၀ | ၁၅၀၀၀ |
| ၃ | ရိတ်သိမ်းခြင်း | | ၂၄၇၀၀၀ | ၂၀၀၀၀၀ |
| ၄ | သွင်းအားစုများ | | ၂၅၃၀၀၀ | ၂၁၂၀၀၀ |
| ၆ | တစ်ဧကကုန်ကျစရိတ် | | ၆၅၀၅၀၀ | ၄၈၉၀၀၀ |
| ၇ | တစ်ဧကအထွက်နှုန်း | | ၈၅.၂၅ | ၉၂.၄၆ |
| ၈ | တစ်တင်းရောင်းဈေး | | ၁၅၀၀၀ | ၁၅၀၀၀ |
| ၉ | ရောင်းရငွေပေါင်း | | ၁၂၇၈၇၅၀ | ၁၃၈၆၉၀၀ |
| ၁၀ | အကျိုးအမြတ် | | ၆၂၈၂၅၀ | ၈၉၇၉၀၀ |
| ၁၁ | တစ်ယူနစ် ကုန်ကျစရိတ် | | ၇၆၃၀ | ၅၂၈၉ |
| ၁၂ | ကုန်ကျစရိတ်နှင့် ရငွေအချိုး | | ၁ : ၁.၉၇. | ၁ : ၂.၈၄ |